# ဘင်္ဂညာဏ်သို့ ပြောင်းသွားခြင်း

**ဉာဏေ တိက္ခေ ဝဟန္တေ သင်္ခါရေသု လဟုံ ဥပဋ္ဌဟန္တေသု**
**ဥပ္ပါဒံ ဝါ ဌိတိံ ဝါ ပဝတ္တံ ဝါ နိမိတ္တံ ဝါ န သမ္ပါပုဏာတိ၊**
**ခယ ဝယ ဘေဒ နိရောဓေယေဝ သတိ သန္တိဋ္ဌတိ။**
**တဿေဝံ ဥပ္ပဇ္ဇိတွာ ဇဝံ နာမ သင်္ခါရဂတံ နိရုဇ္ဈတီတိ ပဿတော**
**ဧကသ္မိံ ဌာနေ ဘင်္ဂါနုပဿနာ နာမ ဝိပဿနာဉာဏံ ဥပ္ပဇ္ဇတိ။** (ဝိသုဒ္ဓိမဂ်၊ ဒု ၊ ၂၇၇)

ဉာဏ်သည် ထက်မြက်၍ အလိုလို ဆောင်သွားသလို ဖြစ်လတ်သော်
သင်္ခါရတရားတို့က လျှင်မြန်စွာ ထင်ပေါ်ကုန်လတ်သော်
ရှုသိအပ်သော ရုပ်နာမ်၏ အစဖြစ်မှု ဥပါဒ်သို့၎င်း၊
အလယ်ပိုင်း တည်မှု ဌီသို့၎င်း၊
မပြတ်ဖြစ်သော ရုပ်နာမ်အစဉ်သို့၎င်း၊
အကောင်အထည် ပုံသဏ္ဌာန်ဒြပ်ရှိသလိုပင် ထင်ပေါ်သော သင်္ခါရနိမိတ်သို့၎င်း
မရောက် (နလုံးမသွင်းမိ မဆင်ခြင်မိ)။

ရှုသိမှုဉာဏ်သည် ကုန်ခြင်း ပျောက်ခြင်း ပျက်ခြင်းဟူသော ချုပ်ခြင်း၌သာ ကောင်းစွာ တည်၏။ ထိုယောဂီပုဂ္ဂိုလ်အား သင်္ခါရတရားသည် ဤသို့ ဖြစ်ပေါ်၍ ဤသို့ ချုပ်ပျက်သွားသည် ဟူ၍ ရှုမြင်စဉ် ဤအရာ၌ ဘင်္ဂါနုပဿနာဝိပဿနာဉာဏ်သည် ဖြစ်ပေါ်၏။

ရှုသိမှုဉာဏ်သည် ထက်မြက်ပြီး သူ့အလိုလိုပင် ဆွဲဆောင်သွားသလိုဖြစ်လာလျှင် ဉာဏ်နုစဉ်မှာ အာရုံနှင့် ရှုသိဉာဏ်ကို ကြောင့်ကြစိုက်ပေးနေရ၏၊ အသိဉာဏ်သည် ထက်မြက်လာလျှင် ကြောင့်ကြစိုက်စရာမလိုတော့ဘဲ အလိုလို ရှုသိနေသလို ဖြစ်နေ၏။

အသိဉာဏ်က လျှင်မြန်နေသဖြင့် အာရုံသည်လည်း လျှင်မြန်မြန်ပေါ်သလို ဖြစ်နေ၏၊ ထိုသို့ အာရုံသည်လည်း လျှင်မြန်စွာပေါ်၊ အသိဉာဏ်သည်လည်း လျှင်မြန်စွာ သိနေသဖြင့်
အစဖြစ်မှုကိုလည်း မတွေ့ရ၊ မသိရ။
အလယ်ပိုင်းကိုလည်း မတွေ့ရ၊ မသိရ။
ရေစီးကြောင်းများ မပြတ်စီးသွားနေသလို ရှေ့နောက်အစဉ်မပြတ်ဖြစ်နေသည့်
ရုပ်နာမ်အစဉ်တွေကိုလည်း မတွေ့ရ၊ မသိရ။
ဗိုက်ပုံသဏ္ဌာန်၊ ကိုယ်ပုံသဏ္ဌာန်၊ ခြေလက်ဦးခေါင်းပုံသဏ္ဌာန်ကိုလည်း မတွေ့ရ၊ မသိရ။
တရိပ်ရိပ်ဖြင့် ကုန်ပျက်နေသည့်သဘောကိုသာ တွေ့ရ၏။ သိရ၏။

# ဘင်္ဂဉာဏ်ဟူသည်

**အာရမ္မဏပ္ပဋိသင်္ခါ ဘင်္ဂါနုပဿနေ ပညာ ဝိပဿနေ ဉာဏံ။** (ပဋိသမ္ဘိဒါမဂ္ဂ၊ ၁)

တစ်ခုခုသောအာရုံကို ကုန်ပျက်သွားသည်ဟု သိမြင်ပြီး၍ သိမြင်သောထိုဉာဏ်၏ ကုန်ပျက်ခြင်းကို တဖန်သိမြင်ရာ၌ ပညာသည် ဘင်္ဂဝိပဿနာဉာဏ်ဖြစ်၏။

**အာရမ္မဏပ္ပဋိသင်္ခါတိ ယံကိဉ္စိ အာရမ္မဏံ ပဋိသင်္ခါယ ဇာနိတွာ၊ ခယတော ဝယတော ဒိသွာတိ အတ္ထော။**

**ဘင်္ဂါနုပဿနေ ပညာတိ "တဿ အာရမ္မဏံ ခယတော ဝယတော ပဋိသင်္ခါယ ဥပ္ပန္နဿ" ဉာဏဿ ဘင်္ဂံ အနုပဿနေ ယာ ပညာ၊ ဣဒံ ဝိပဿနေ ဉာဏံ။** (ဝိသုဒ္ဓိမဂ်၊ ဒု ၊ ၂၇၈)

အာရမ္မဏပ္ပဋိသင်္ခါဟူသည် အမှတ်မရှိ တစ်ခုခုသော ရုပ်အာရုံ နာမ်အာရုံကို ကုန်ပျက်သွားသည်ဟု သိမြင်ပြီး၍ -ဆိုလို၏။

ဘင်္ဂါနုပဿနေ ပညာ ဟူသည်ကား အာရုံတခုခုကို ကုန်ပျက်သွားသည်ဟု သိမြင်လျှက် ဖြစ်ပေါ်ပြီးသော ထိုဉာဏ်၏ ကုန်ပျက်ခြင်းကို တဖန်သိမြင်ရာ၌ သိမှုပညာသည် ဝိပဿနာဉာဏ် ဖြစ်၏ ဟု ဆိုလို၏။

ဘင်္ဂဉာဏ်သို့ရောက်သော ယောဂီပုဂ္ဂိုလ်သည် ဖြစ်နေသော ရုပ်နာမ်အာရုံတခုခုကို ရှုသိခိုက်မှာပင် ကုန်ပျက်သွားသည်ဟု သိမြင်၏။

ဤရှုသိသောစိတ်ကိုလည်း ကုန်ပျက်သွားသည်ဟု တဖန်သိမြင်၏။

ဤသို့ ဖြစ်ပေါ်လာသော အာရုံနှင့် ရှုသိစိတ်တို့ကို ရှေ့နောက်ကုန်ပျက်သွားကြသည်ဟု သိမြင်သော ဉာဏ်နှစ်ပါးသည် ဘင်္ဂါနုပဿနာဉာဏ်ဖြစ်၏။

**ရူပါရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ၊ တံ အာရမ္မဏံ ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ၊ ဝေဒနာရမ္မဏတာ၊ သညာရမ္မဏတာ၊ သင်္ခါရာရမ္မဏတာ၊ ဝိညာဏာရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ၊ တံ အာရမ္မဏံ ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ။** (ပဋိသမ္ဘိဒါမဂ္ဂ၊ ၅၅)

ရုပ်ကို အာရုံပြုသောစိတ်သည် ဖြစ်၍ ပျက်၏၊
ထိုရုပ်အာရုံကို ကုန်ပျက်သည်ဟု သိမြင်ပြီး၍ ထိုသိမြင်သောစိတ်၏ ကုန်ပျက်ခြင်းကို တဖန်ရှုမြင်ပြန်၏။

ဝေဒနာကို အာရုံပြုသောစိတ်၊ သညာကို အာရုံပြုသောစိတ်၊ သင်္ခါရကို အာရုံပြုသောစိတ်၊ ဝိညာဏ်ကို အာရုံပြုသောစိတ်သည် ဖြစ်၍ ပျက်၏၊ ထိုဝိညာဏ်အာရုံကို ကုန်ပျက်သည်ဟု သိမြင်ပြီး၍ ထိုသိမြင်သောစိတ်၏ ကုန်ပျက်ခြင်းကို တဖန်ရှုမြင်ပြန်၏။

**ရုပ်၏အပျက်ကို သိမြင်သောဉာဏ်**

**ထိုသိမြင်မှု၏အပျက်ကို သိမြင်သောဉာဏ်** - ဟု ဘင်္ဂဉာဏ်သည် နှစ်ဆင့်ဖြစ်၏။

ဒွါရ (၆)ပါး၊ အာရုံ (၆)ပါး၊ ဝိညာဏ် (၆)ပါးစသည်တို့၌လည်း နည်းတူဟောထား၏။

**သင်္ဂဉာဏ်၏ အင်္ဂါ (၃)ပါး**

**ဝတ္ထုသင်္ကမနာ စေဝ၊ ပညာယ စ ဝိဝဋ္ဋနာ။**

**အာဝဇ္ဇနာ ဗလဉ္စေဝ၊ ပဋိသင်္ခါ ဝိပဿနာ။** (ပဋိသမ္ဘိဒါမဂ္ဂ၊ ၅၆)

ရှုသိရသော အာရုံ၏အပျက်မှ ရှုသိသောစိတ်၏ အပျက်သို့ ပြောင်းရွှေ့လျက် သိမြင်နိုင်ခြင်း၄င်း၊ ရှုသိမှုဉာဏ်၏ အဖြစ်မှ ဆုတ်နစ်၍ အပျက်၌သာ တည်ခြင်း၄င်း၊ အာရုံတခု၏ အပျက်ကို မှတ်သိပြီးသည်၏ အခြားမဲ့၌ပင် ထိုရှုသိစိတ်၏ အပျက်ကို သိမြင်နိုင်ရန် ဖြောင့်မတ်စွာ ဆင်ခြင်နိုင်သော အာဝဇ္ဇန်းအားစွမ်း၄င်း ဤအင်္ဂါ (၃)ပါးနှင့် ပြည့်စုံသော ဉာဏ်သည် အာရုံ၏ အပျက်ကို သိမြင်ပြီးလျှင် ရှုသိသော ဉာဏ်၏ အပျက်ကို တဖန်သိမြင်သော ဘင်္ဂဉာဏ်ဖြစ်၏။

(၁) အာရုံတစ်ခု၏ အပျက်ကို သိမြင်ပြီးသည်၏ အခြားမဲ့မှာပင် ရှုသိသောစိတ်၏ အပျက်ကို သိမြင်ခြင်း။

(၂) အပျက်သက်သက်ကိုသာ သိမြင်နိုင်ခြင်း

(၃) အာရုံတစ်ခု၏ အပျက်ကို သိမြင်ပြီးသည်၏ အခြားမဲ့မှာပင် တည့်တည့်မတ်မတ် ဆင်ခြင်နိုင်သော (ယောနိသော မနသိကာရ) အာဝဇ္ဇန်းဖြစ်ပေါ်လာခြင်း

ဤအင်္ဂါ(၃)ပါး ညီလျှင် ဘင်္ဂဉာဏ်ဖြစ်၏။

ထိုအင်္ဂါ (၃)ပါးတို့တွင် ပထမအင်္ဂါနှင့် တတိယအင်္ဂါတို့သည် ရှုသိမှု တကြိမ်တည်း၌ ပါဝင်သော ရှေ့သွားနှင့် နောက်လိုက်တို့ ဖြစ်ကြ၏။

အာဝဇ္ဇန်းက အာရုံတစ်ခု၏ အပျက်ကို သိမြင်ပြီးသည်၏ အခြားမဲ့၌ပင် တည့်တည့်မတ်မတ် ဆင်ခြင်မိလျှင် ရှုသိမှု ဉာဏ်သည်လည်း တည့်တည့်မတ်မတ်သိမြင်၏။